# ပေါ့လိုင်း

## ကျွန်တော့်ချစ်သူနှင့် သူမ၏ စပွန်ဆာကိုကို



L လင်း

# အခန်း (၁)

၁၀ တန်းကျောင်းသားတွေအားလုံးထဲမှာ နာမည်အကြီးဆုံးကတော့ 'နေရဲ' ပင် ဖြစ်သည်။ အစအနောက်သန်သလို လူတစ်ဖက်သားကိုလည်း ကူညီတတ်သည်။ တစ်ခါတလေ ကူညီရင်းနဲ့ ချောက်ထဲတွန်းပို့တတ်သောကြောင့် လူချစ်လူခင်များသလို အမြင်ကတ်သူတွေလည်း ရှိကြသည်။

မိန်းကလေးအတော်များများက သူတို့ကို စ,တတ်နောက်တတ်သော နေရဲကို ကြည့်လို့မရ ကြ။ တလောကလည်း နှင်းနုနုဆွေ ဆိုသော ကောင်မလေးက မွေးနေ့၌ မိဘများနှင့် ဘုရား သွားရန် သူ့ထက်လက်ရေးလှသော နေရဲကို ခွင့်စာရေးခိုင်းရာ မွေးနေ့၌ ချစ်သူနှင့် ပန်းခြံသွားရန် ဟု ရေးပေးလိုက်သဖြင့် ဆရာမာ၏ ဆူပူကြိမ်းမောင်းမှုကော၊ နှင်းနုနုဆွေ၏ ငြိုငြင်မှုကိုပါ ပူးတွဲ လက်ဆောင်ရလိုက်သေးသည်။

သို့သော်လည်း နေရဲ၏ ရာဇဝင်၌ ဒီလောက်နှင့် မှတ်ရိုးထုံးစံမရှိ။ လူတစ်ယောက်ကို ဘယ်လိုနောက်ရမလဲဆိုတာ သူ့ခေါင်းထဲမှာ အမြဲရှိနေသလိုပင်။ မည်သို့ပင်ဆိုစေကာမူ စိတ်ကောင်းစေတနာရှိသော နေရဲကို မခင်ဘဲ မနေနိုင်ကြသောသူများလည်း ရှိသည်။

အဲဒီ အထဲမှာ အထင်ရှားဆုံး နှစ်ယောက်ကတော့ . . .။

x x x

ကျောင်းပိတ်ရက် စနေနေ့မို့ နေရဲ အိမ်မှာ ဝတ္ထုစာအုပ် ဖတ်နေစဉ် အချစ်ဆုံးသူငယ်ချင်း နှစ်ယောက် ရောက်လာသည်။

"နေရဲ မင်းကို အကူအညီတစ်ခုတောင်းချင်လို့ လုပ်ပေးစမ်းပါကွာ"

ကိုအောင့်စကားကြောင့် နေရဲ ဖတ်လက်စစာအုပ်ကို ချလိုက်သည်။

"မင်းက အမြဲတမ်း အကူအညီလိုနေတာပဲ၊ ပြောပါဦး . . . ငါက

ဘာလုပ်ပေးရမှာလဲ"

"ဒီလိုကွာ . . . ငါတို့နှစ်ယောက် မင်းကို စာလေးရေးခိုင်းချင်လို့၊ မပင်ပန်းပါဘူး၊ မင်းရဲ့ အရေးအသားကို ကြိုက်လို့"

သူငယ်ချင်းဆူးမောင်မောင်က ကြားဖြတ် ဝင်ပြောလိုက်ခြင်းဖြစ်သည်။ နေရဲက သူငယ်ချင်း နှစ်ယောက်၏ မျက်နှာကို ကြည့်လိုက်ပြီး

"နှစ်ယောက်စလုံးအတွက်လား"

ဆူးရော ကိုအောင်ပါ ပုတ်သင်ညိုလို ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

နေရဲက ဆရာကြီးပုံစံနှင့် မေးစေ့ကို လက်ဖြင့် ပွတ်လိုက်ပြီး

"အင်း . . . မင်းတို့နှစ်ယောက် ရေးခိုင်းမယ်ဆိုတော့ မဟုတ်မှလွဲရော . . . ရည်းစားစာ မဟုတ်လား"

"ဟုတ်လည်း ဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ဘူး"

ကိုအောင့်စကားကြောင့် နေရဲ ကြောင်သွားသည်။

"ဟေ့ကောင် . . . ဘာလဲကွ မျက်စိလည်အောင် လုပ်နေတာလား"

နေရဲအမေးကြောင့် ကိုအောင်က ရယ်လိုက်သည်။

"ဒီလိုကွ၊ ဟုတ်လည်း ဟုတ်တယ် မဟုတ်လည်း မဟုတ်ဘူး ဆိုတာက မင်း ခန့်မှန်းတဲ့ ရည်းစားစာ ရေးပေးရမယ့်လူက . . . ငါမဟုတ်ဘူး . . . ဆူး"

"ဒါဆို မင်းကရော"

"ငါက ဖြတ်စာ ရေးခိုင်းမှာ . . . ငါ ဖြူဖြူ့ကို ဖြတ်ချင်လို့ကွ . . . အဲဒါ မင်း ငါ့ကိုရေးပေး"

ကိုအောင့်စကားကြောင့် နေရဲ ခေါင်းကုတ်လိုက်သည်။

"မင်းတို့ဟာကလဲကွာ တစ်ယောက်က ဆက်စာ၊ တစ်ယောက်က ဖြတ်စာ၊ ရှုပ်နေတာပဲ"

ဆူးက နေရဲပခုံးကို ဖက်လိုက်ရင်း

"မရှုပ်ပါဘူးကွာ . . . မင်း ငါတို့နှစ်ယောက်ကို ရေးပေးလို့ . . . အဆင်ပြေရင် . . . မင်းကို ငါတို့ လက်ဖက်ရည် လိုက်တိုက်မယ် . . . မုန့်ပါအဝစားကွာ"

ဆူးစကားကြောင့် နေရဲ ပြုံးလိုက်သည်။

"အေး . . . ဒါဆိုရင်တော့ မဆိုးဘူးကွ၊ ကဲ . . . မင်းတို့နှစ်ယောက်အကြောင်းတွေ ငါ့ကို တစ်ယောက်ချင်းစီ ပြောပြ၊ ဘာကြောင့် ဆက်ချင်သလဲ . . . ဘာကြောင့် ဖြတ်ချင်သလဲဆိုတာ၊ နေဦး . . . ဒီမှာ ပြောလို့မကောင်းဘူး၊ လက်ဖက်ရည်ဆိုင်သွားမယ် . . . စရံအနေနှင့်ပေ့ါ"

ဆူးက ကိုအောင့်ကိုလှမ်းကြည့်ပြီး ဘယ်လိုလဲဆိုသည့်သဘောဖြင့် မေးငေ့ါပြလိုက်သည်။

ကိုအောင်က သူ့အကျႌအိတ်ကပ်ကို လက်ဖြင့်စမ်းလိုက်ရင်း

"ရပါတယ်ကွာ . . . ငါ့မှာ ပိုက်ဆံပါပါတယ်၊ ဟိုရောက်တော့ အေးအေးဆေးဆေး ပြောကြ တာပေ့ါ"

"အမေရေ . . . သားတို့ လက်ဖက်ရည်ဆိုင် ခဏသွားလိုက်ဦးမယ်"

နေရဲက နောက်ဖေးမီးဖိုချောင်မှာ ထမင်းချက်နေသော သူ့အမေကို လှမ်းအော်ပြောလိုက် ပြီး သုံးယောက်သား လက်ဖက်ရည်ဆိုင်သို့ ချီတက်သွားတော့သည်။

x x x

# အခန်း (၂)

နေရဲက လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်သည်။

"ကဲ . . . မင်းတို့နှစ်ယောက်အကြောင်းတွေ ငါ့ကို တစ်ယောက်ချင်းစီ ပြောပြပါဦး"

"ဒီလိုကွာ"

"ဒီလိုကွာ . . ."

နှစ်ယောက်စလုံး ပြိုင်တူပြောရန် ပြင်လိုက်ခြင်းဖြစ်သည်။

ဆူးနှင့် ကိုအောင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ နေရဲက လက်ကာပြရင်း . . .

"ဟိုးထား . . . ဟိုးထား၊ တစ်ယောက်ချင်းပြောကြ . . . လုမပြောနဲ့"

နှစ်ယောက်စလုံး တိတ်ဆိတ်နေကြသည်။

နေရဲ စိတ်မရှည်တော့။

"ကဲ . . . ဘာလဲကွာ . . . မင်းတို့က ဘယ်လိုလုပ်မှာလဲ"

"ငါ အရင်ပြောပြမယ်ကွာ၊ ဒီလို . . . "

ဆူးက အစချီလိုက်သည်။

"ခင်ညိုညိုစိမ့်ကို မင်းသိတယ် မဟုတ်လား . . . အခု သူက ငါ့ကို ကြွေနေတဲ့ အရိပ် အယောင်တွေ ပြတယ်ကွ၊ အဲဒါ . . . ငါလည်း သူ့ကို ဘယ်လို စ,ပြောရမှန်း မသိဘူးဖြစ်နေတယ် . . . ငါက ဒီလိုနေရာမှာ စကားမကြွယ်ဘူးဆိုတော့ မင်းကိုပဲ အားကိုးရမှာ . . . မင်းရဲ့ အရေး အသားနဲ့ဆိုရင် သူ ငါ့ကို ချက်ချင်း အဖြေပြန်ပေးလောက်တယ်ကွ၊ အဲဒါ ငါ့ကို ရည်းစားစာ ကောင်းကောင်းလေး ရေးပေးစမ်းပါကွာ"

"အင်း . . . ခင်ညိုညိုစိမ့်ဆိုတာ အသားညိုညို၊ မျက်လုံးပြူးပြူး၊ ဟို . . . သွားလေးပါ နည်းနည်းခေါချင်တဲ့ ကောင်မလေး မဟုတ်လား"

နေရဲစကားကြောင့် ဆူးက မကျေနပ်သည့်ဟန်ဖြင့်

"အဲဒီ လောက်ကြီးလည်း မဟုတ်ပါဘူးကွာ၊ မင်းကလဲ"

နေရဲက သဘောကျစွာရယ်ရင်း

"အေး . . . ဟုတ်ပါပြီကွာ . . . ဟုတ်ပါပြီ၊ ငါက နောက်တာပါ . . . ပြောစမ်းပါဦး၊ မင်း သူနဲ့ ဘယ်လိုစပြီး ဇာတ်လမ်းဖြစ်တာလဲ"

"ကျူရှင်ဆင်းတော့ကွ၊ သူနဲ့ ငါ ကျူရှင်အတူတူပဲ၊ အဲဒီ တုန်းက ကျူရှင်ပြန်တော့ မှောင်နေပြီ၊ သူနဲ့ ငါ လမ်းချင်းလည်း နီးတော့ . . . ငါတို့နှစ်ယောက် အတူပြန်ကြတယ်၊ မိန်းကလေးတစ်ယောက်တည်းဆိုတော့ကွာ . . . သူက ငါ့ကို အားကိုးတာပေါ့၊ အဲဒီ လိုနဲ့ ရေလာ မြောင်းပေးစကားတွေ ပြောတော့တာပေါ့"

"ဘယ်လိုပြောတာလဲ"

"ဩော် . . . ခုလိုမှောင်နေတဲ့အချိန်မှာ သူတစ်ယောက်တည်း မပြန်ရဲကြောင်း၊ ငါ ကျူရှင် မတက်တဲ့နေ့ဆိုရင် သူ အရမ်းကြောက်ကြောင်း၊ ငါ့ကို ဖြစ်နိုင်ရင် ကျူရှင်မပျက်ပါနဲ့၊ သူ အဖော်မရှိ လို့ပါ . . . စုံနေတာပါပဲ"

"ဒါဆို ကောင်မလေးတော့ အားကိုးမှားပြီထင်တယ်"

ကိုအောင်က ဝင်နောက်လိုက်သဖြင့် ဆူးက ကိုအောင့်လက်မောင်းကို ခပ်ဖွဖွ ထိုးလိုက် သည်။ နေရဲက ခဏမျှ စဉ်းစားဟန်ပြုပြီး

"အင်း . . . မိန်းကလေး ဆိုတဲ့သဘောက သူတို့ အားကိုးချင်လာပြီဆိုရင် အဲဒီ ကနေ တစ်ဆင့် ချစ်သွားတတ်ကြတယ် . . . ချစ်ခြင်းအစ အားကိုးခြင်းကလို့ ဆိုလို့ရတာ ပေါ့ . . . ကဲ . . . ဘာမှမပူနဲ့၊ ငါရေးပေးမယ်၊ စိတ်ချ"

ဆူးက နေရဲစကားကြောင့် ဝမ်းသာအားရဖြစ်သွားသည်။

"ကျေးဇူးပဲကွာ . . . အဆင်ပြေရင် မင်းကို ထပ်ဂုဏ်ပြုဦးမယ်"

နေရဲက ကိုအောင့်ဘက်လှည့်လိုက်ပြီး . . .

"ကဲ . . . ပြော၊ ဘာကြောင့် ဖြူဖြူကို ဖြတ်ချင်ရတာ လဲ"

"ဒီလိုကွ . . . ဖြူဖြူက ငါနဲ့စကြိုက်တုန်းကတော့ ခပ်ရှင်းရှင်းပါပဲ . . . ဒါပေမယ့် အခု နည်းနည်းရှုပ်လာတယ် . . .ငါ မေးတော့လည်း သူက မဟုတ်ဘူးဘဲ ငြင်းနေတယ်၊ ကွယ်ရာမှာ ကြားရတဲ့သတင်းတွေက နားနဲ့မဆန့်တော့ဘူး"

"ဘာသတင်းတွေမို့လို့လဲ"

"သူ တခြားကောင်နဲ့ ကြိတ်ပုန်းခုတ်နေတယ် တဲ့၊ ရုပ်ရှင်တွေ ဘာတွေလည်း နှစ်ယောက် တည်း သွားကြည့်တယ်တဲ့၊ နောက်ဆုံး ပန်းခြံထဲမှာ အကောင်တစ်ကောင်နဲ့ အကြည်ဆိုက်နေ တာတောင် တွေ့လိုက်တဲ့သူ ရှိတယ် တဲ့"

ကိုအောင့်စကားကြောင့် နေရဲ နှာခေါင်းရှုံ့လိုက်သည်။

"အဲဒီ လိုမိန်းမမျိုးကို အမြန်ဆုံး ဖြတ်လိုက်တော့ သူငယ်ချင်းရေ၊ မိန်းမတွေ မရှားပါဘူး၊ ဒါနဲ့ . . . မင်းက ကိုယ်တိုင်မပြောဘဲ ဘာလို့ ငါ့ကို တကူးတက စာရေးခိုင်းရတာ လဲ၊ ဒီလိုမိန်းမမျိုးက စာနဲ့ရေးပြီး ဖြတ်ဖို့တောင် မတန်ပါဘူးကွာ"

"ဒါကတော့ ငါ့ရဲ့ အားနည်းချက်ပေါ့ကွာ၊ လူတစ်ဖက်သားကို အားနာတတ်တယ် . . . ပစ်ပစ်ခါခါ မပြောရက်ဘူး . . . ပြောလည်း ပြောမထွက်ဘူး၊ အဲဒါကြောင့် . . . မင်းကို စာနဲ့ ရေးခိုင်းတာပါ . . . သူ ငါ့ကို လုံးဝအဆက်ပြတ်သွားအောင် မင်းက နင့်နင့်သီးသီး ရေးချလိုက်ပေါ့ ကွာ"

နေရဲက လက်ဖက်ရည်လက်ကျန်ကို မော့လိုက်ပြီး . . .

"စိတ်ချ သူငယ်ချင်း . . . သူ မင်းကို ခါးခါးသီးသီးနဲ့ နောက်တစ်ခါ ထပ်မတွေ့ချင်လောက် အောင် ငါ ရေးချလိုက်မယ်၊ ဒီအတွက် မပူပါနဲ့၊

လူတစ်ယောက်ကို မုန်းအောင်လုပ်တာများ လွယ်လွယ်လေး"

နေရဲစကားကြောင့် ကိုအောင် ကျေနပ်သွားသည်။

"ကျေးဇူးပဲ သူငယ်ချင်း၊ ဒါဆို ငါ စိတ်ချလိုက်တော့မယ် . . . ဪ . . . စာလည်း မင်းကိုယ်တိုင်ပဲ သွားပေးလိုက်ပါနော်"

နေရဲ သဘောကျစွာ ရယ်လိုက်ပြီး

"အေးပါကွာ . . . ငါ့ကောင်တွေသတ္တိကို ငါ သိပါတယ် . . . မင်းတို့နှစ်ယောက်လုံးအတွက် ရေးပေးတဲ့စာတွေကို မိန်းကလေးနှစ်ယောက်လုံးဆီကို ငါကိုယ်တိုင် ပို့ပေးမယ် . . . ဟုတ်ပြီလား၊ မင်းတို့က ဘေးကနေ ပွဲကြည့်ပရိသတ်ပဲ လုပ်ကြ . . . ငါ အစအဆုံး ကူညီမယ်"

နေရဲစကားကြောင့် ဆူးနှင့် ကိုအောင် ပြိုင်တူပြုံးလိုက်ကြပြီး လက်ဝါးချင်း ရိုက်လိုက်ကြ တော့သည်။

x x x

# အခန်း (၃)

ခင်ညိုညိုစိမ့် ဆူးကို မျက်ထောင့်နီကြီးနှင့် ကြည့်နေသည်။ ပုံစံက စားမတတ် ဝါးမတတ်။

မုန့်စားဆင်းချိန်မို့ အခန်းထဲမှာ နေရဲကော ကိုအောင်ပါ မရှိကြ။

ဆူးက အထိတ်တလန့်နှင့် ခင်ညိုညိုစိမ့်မျက်နှာကို ကြည့်ရင်း တုန်တုန်ရီရီ မေးလိုက်သည်။

"ညိုညို . . . ဘာ . . . ဘာ ဖြစ်လာတာလဲ . . . ငါ ပေးလိုက်တဲ့အထဲမှာ ဘာအမှားတွေ ပါသွားလို့လဲ"

ခင်ညိုညိုစိမ့် အံကိုကြိတ်လိုက်ပြီး နှုတ်ခမ်းကို ဖိကိုက်ကာ

"ဘာအမှားပါလို့လဲ . . . ဟုတ်လား . . . ကိုယ်ရေးတဲ့စာ ကိုယ်မသိဘူးလား . . . မသိရင် ပြန်ဖတ် . . . ရော့"

ခင်ညိုညိုစိမ့် စာရွက်ကို လုံးချေပြီး ဆူးမျက်နှာကို ပစ်ပေါက်လိုက်သည်။

ဆူး ရင်တထိတ်ထိတ်နှင့် ကြေနေသော စာရွက်ကိုဖြန့်၍ ဖတ်လိုက်သည်။

သို့

ခင်ညိုညိုစိမ့်

နင့်နာမည်က ရှည်လို့ ကုလားမလို့ပဲ ခေါ်မယ်နော်။ နင့်ရဲ့ အသားအရေနဲ့လည်း လိုက်တာပေါ့ . . .

ငါပြောချင်တဲ့စကားက ဒီလိုပါ ကုလားမရယ် . . .

ငါ နင့်ကို မြင်မြင်ချင်း ချစ်မိသွားတဲ့အကြောင်းပါ။ ငါ နင့်ကို စတွေ့လိုက်တဲ့အချိန်မှာလေ ညနေမှောင်ရီမိုးချုပ်လည်းဖြစ်ပြန်၊

နင့်ရဲ့အသားကလည်း မည်းပြန်တော့ အမှောင်ထဲမှာ နင့်ရဲ့ မျက်လုံးကိုပဲ ငါမြင်လိုက်ရတယ်လေ . . . အဲဒီ အချိန်ကစပြီး ဆူးမောင်မောင်ဆိုတဲ့ ငါက နင့်ရဲ့ ပြူးကြောင်ကြောင်မျက်ဝန်းလေးတွေကို စွဲလမ်းခဲ့တာပါ။

ဒါပေမယ့် မျက်လုံးနှစ်လုံးပဲ မြင်ရရုံနဲ့ ချစ်မိသွားတယ်ဆိုပြီး ငါ့ရဲ့အချစ်ကို နင် သံသယ မဝင်လိုက်ပါနဲ့ဦး။ နောက်တစ်ခုရှိပါသေးတယ် . . .

နင် ပြုံးလိုက်တဲ့အချိန်မှာ ဖြူဖြူဖွေးဖွေးနဲ့ ခေါထွက်လာတဲ့ နင့်ရဲ့သွား ၂၉ ချောင်းလည်း ပါပါသေးတယ်။ ကျန်တဲ့ ၃ ချောင်းက ကျိုးနေလို့ မထည့်တော့ပါဘူး။ အမှောင်ထဲမှာ ထူးထူးခြားခြား ပေါ်လွင်နေတဲ့ နင့်ရဲ့မျက်လုံးနဲ့ သွားတွေဟာ ငါ့အတွက်တော့ ကမ္ဘာကျော်ပန်းချီ ကားကြီးတစ်ချပ်ပါပဲ။ အခုနေများ အဲဒီ ကမ္ဘာကျော်ပန်းချီကားကြီးကို ဗယာကြော်ရောင်းတဲ့ ကုလားမကြီး အမီနာက သူ့ဗယာကြော်နဲ့ လဲစားမယ်ဆိုရင်တောင် ငါ လက်ခံမိမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ကုလားမကြီး ညဘက်အိပ်မပျော်မှာစိုးလို့ပါ။ နင့်ရဲ့အလှတွေကို ဆက်ဖွဲ့မယ်ဆိုရင်တော့ နင်တောင် ကိုယ့်ရုပ်ကိုယ် မှန်ထဲပြန်မကြည့်ချင်လောက်အောင် ဖြစ်သွားမှာစိုးလို့ ဒီလောက်နဲ့ပဲ တော်လိုက်မယ်နော် . . .

ငါ အဓိကပြောချင်တာကတော့ ကုလားမရယ် . . . နင် ငါ့ကို ချစ်လား မချစ်ဘူးလား . . . တစ်ခွန်းတည်းပြော။ အေး . . . မချစ်ဘူးဆိုရင်တော့ ငါ့နာမည် မှုခင်းဂျာနယ်ထဲပါသွားလိမ့်မယ်။ ငါ့နာမည် 'ဆူး' တဲ့။ နင်ကြားဖူးမှာပါ။ ဆူးပေါ် ဖက်ကျလည်း ဖက်ပေါက်တယ်။ ဖက်ပေါ် ဆူးကျလည်း ဖက်ပေါက်တယ် တဲ့ . . . အဲဒီ တော့ နင်ဖက်မဖြစ်ချင်ရင် ၂၄ နာရီအတွင်း ငါ့ရှေ့မှာ ဒူးထောက်ပြီး အဖြေပေးပါ။ ဒါပဲ။

ဆူးမောင်မောင်

စာကိုဖတ်ပြီး ဆူး မျက်လုံးတွေ ပြာလာသည်။

ထို့နောက် ခေါင်းကိုခါပြီး ခင်ညိုညိုစိမ့်ကို အလန့်တကြား လက်ကာပြသည်။

"ဟာ . . . မဟုတ်ဘူး . . . မဟုတ်ဘူး . . . ဒီစာကို ငါရေးတာ မဟုတ်ဘူး၊ တောက် . . . ဟိုကောင် နေရဲ လုပ်ချလိုက်ပြန်ပြီ"

ဆူးစကားကြောင့် ခင်ညိုညိုစိမ့် မျက်နှာထား အနည်းငယ်ပြောင်းသွားသည်။

"ဘာ . . . ဒီစာကို နင်ရေးတာမဟုတ်ဘူး၊ သေချာလို့လား"

"ဟုတ်တယ် . . . ငါ လုံးဝမရေးဘူး . . . နင့်ကို ငါက ဒီလိုမျိုးရေးပ့ါမလားဟာ . . . နင်က ငါ့မျက်စိထဲမှာ ပပဝတီနဲ့တောင် မလဲနိုင်ဘူး . . . နင် ယုံပါ . . . ပြီးတော့ ငါက မိန်းကလေး တစ်ယောက်ရဲ့ အချစ်ကို ခြိမ်းခြောက်ပြီး ယူတတ်တဲ့သူမျိုး မဟုတ်ပါဘူး"

ဆူးစကားကြောင့် ခင်ညိုညိုစိမ့် ဒေါသတွေ ပြေလျော့သွားပြီး မျက်လွှာလေးချကာ ရှက်ပြုံးလေး ပြုံးလိုက်သည်။

ပပဝတီနဲ့တောင် မလဲနိုင်ဘူးဆိုသော စကားတစ်ခွန်းတည်းနဲ့ ဆူးအပေါ် ကျရောက် နေသော ဒေါသများ အရည်ပျော်သွားသည်။

မိန်းကလေးသဘာဝ မို့ အမြှောက်ကြိုက်သည် မဟုတ်ပါလား။

"ငါ့ကို ခွင့်လွှတ်ပါဟာ၊ တကယ်တော့ ငါ နင့်ကို စာမပေးရဲလို့ နေရဲကို ရေးခိုင်းပြီး အကူအညီတောင်းရတာ ပါ။ အခု ဒီကောင်လုပ်တဲ့ပုံက ငါ့ကို သက်သက်ချောက်ထဲတွန်းချတာပဲ . . . တောက်"

ဆူးက ခခယယလေး တောင်းပန်ရင်း နေရဲကို တောက်တစ်ချက် ခေါက်လိုက်သည်။

ခင်ညိုညိုစိမ့်က နှုတ်ခမ်းလေးကို ဖိကိုက်လိုက်ရင်း

"နင့်ကိုတော့ ခွင့်လွှတ်ချင်ပါတယ်ဟာ . . . ဒါပေမယ့် ဟိုကောင်နေရဲကိုတော့ ငါ လုံးဝ မကျေနပ်ဘူး။ အဲဒီ တော့ နင် သူ့ကို တောင်းပန်စာပြန်ရေးခိုင်း။ သူ စာထဲမှာ ငါ့ကို ကျေနပ်အောင် တောင်းပန်မှ ငါ နင်တို့နှစ်ယောက်စလုံးကို ကျေမယ်"

"ကောင်းပါပြီ၊ ဒါဆို သူ့ကိုတောင်းပန်စာ ရေးခိုင်းလိုက်ပါ့မယ်။ ဟို . . . သူ တကယ်လို့ တောင်းပန်စာရေးပြီးရင် နင် ငါ့ကို ပြန်ချစ်မှာလားဟင်"

ဆူး၏ အမေးစကောင့် ခင်ညိုညိုစိမ့် ရှက်သွားပြီး မျက်နှာလေး လွှဲလိုက်သည်။

"ဟို . . . အဲဒါတော့ တောင်းပန်စာကို ဖတ်ပြီးမှ စဉ်းစားမယ်"

ပြောပြီး ခင်ညိုညိုစိမ့် ဆူးအနားမှ ပြေးထွက်သွားသည်။ အခုမှ ဆူးရင်ဘတ်ထဲမှ အလုံးကြီး ကျသွားပြီး သက်ပြင်းမောတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဗျူး . . . တော်သေးတာပေ့ါ . . . ခွေးကောင်နေရဲ . . . ပြန်လာမှ တွေ့မယ်"

သူ့ကိစ္စက ပြီးရုံရှိသေး . . . ရှူးရှူးရဲရဲနှင့် သူ့အနားကို ရောက်လာသူက ကိုအောင် ဖြစ်သည်။

"တောက် . . . ဟိုကောင် . . . နေရဲ . . . ဘယ်ရောက်သွားလဲ"

ကိုအောင် မျက်နှာကြီးက နီရဲနေပြီး ဒေါသထွက်နေဟန် ဖြစ်သည်။

ဆူးက ကိုအောင့်ကို မော့ကြည့်ရင်း

"ဟေ့ကောင် . . . ဘာဖြစ်လာတာလဲ . . . ထိုင်ပါဦး . . . နေရဲ ပြန်မလာသေးဘူး . . . မင်း ဘယ်လိုဖြစ်လာတာလဲ"

ကိုအောင်က ဆူးဘေးနားမှာ ဝင်ထိုင်လိုက်သည်။

"ဒီကောင်ကွာ . . . အရမ်းမိုက်ရိုင်းတာပဲ . . . ငါက အကူအညီလိုလို့တောင်းတာကို ပေါက်ကရတွေရေးပြီး ငါ့ကို သိက္ခာကျအောင် လုပ်သွားတယ်"

"အေး . . . ငါ့ကိုလည်း ပေါက်ကရတွေရေးပြီး ချောက်တွန်းလိုက်တယ်ကွ၊ နေပါဦး . . . မင်းကိုရော ဘယ်လိုရေးပေးလိုက်တာလဲ . . . ဖြူဖြူနဲ့ပြတ်အောင်လုပ်ပေးမယ်ဆို . . . အခု သူက မင်းကို မပြတ်ဘူးလား"

"ပြတ်တာပေါ့ကွ . . . ပြတ်တဲ့အပြင် အနားတောင် မကပ်ချင်တော့ဘူး"

"ဟာ . . . အဲဒါကောင်းတာပေါ့၊ ဘာဖြစ်လို့ ဒေါသထွက်နေတာလဲ"

ကိုအောင်က မျက်နှာကို တစ်ဖက်သို့လွှဲရင်း လက်ထဲမှ စာရွက်ကို ဆူးအား လှမ်းပေးသည်။

"ရော့ . . . အဲဒါ ဒီကောင် ဖြူဖြူ့ကိုရေးလိုက်တဲ့စာ"

ဆူးက စာကို ယူပြီး ဖတ်ကြည့်သောအခါ . . .

သို့

ဖြူဖြူ

မင်းကို ကိုအောင်ဆိုတဲ့ငါက အချိုအချောင်လိုသဘောထားပြီး ချစ်ခဲ့တာ မဟုတ်ပါဘူး။ တကယ်ချစ်ခဲ့တာပါ။ ဒါပေမယ့် တို့နှစ်ယောက် လမ်းခွဲဖို့အချိန် ရောက်လာပြီ။ မင်း ငါ့ကို မေ့လိုက်ပါတော့။

ဘာဖြစ်လို့လဲဆိုတော့ အကြောင်းရှိလို့ပါ။

ငါ မပြောချင်ဘဲ ပြောရတော့မယ်ပေါ့။ ဒီလိုပါ။ ငါတို့မှာ အနာကြီးရောဂါသည်မျိုးရိုး ရှိတယ်။ အခု အဲဒီ ရောဂါ ငါ့ကို ကူးစက်စပြုလာပြီ။ ဟိုတစ်နေ့က ငါ့ဖင်ကို ဓားရှတာ ဘယ်လိုမှ မခံစားရလို့ မသင်္ကာတာနဲ့ ဆရာဝန်ဆီသွားပြတာ . . . ဆရာဝန်က ငါ့ကိုစမ်းသပ်လိုက်တော့ အနာကြီးရောဂါ

ဖြစ်နေပြီတဲ့လေ . . . ပြီးတော့ တစ်လက်စတည်း သွေးပါစစ်ကြည့်တာ HIV ပိုးပါ ရှိတယ် . . . တဲ့။ ဒါနဲ့ ငါလည်း မထူးပါဘူးဆိုပြီး သလိပ်ပါ စစ်ကြည့်တော့ TB ပိုးတွေ့တယ်တဲ့။ မျက်လုံးတွေ ဝါကျင်ကျင် ဖြစ်နေတာက အသည်းရောင်အသားဝါ B ပိုးရဲ့ လက္ခဏာတဲ့။ နောက်ဆုံး ငါလည်း စိတ်ဓာတ်ကျပြီး တစ်ကိုယ်လုံးကို ဓာတ်မှန်ရိုက်ကြည့်တာ . . . ကလီစာတွေက တစ်ခုမှ အလုပ် မလုပ်တော့ဘူး။

အသည်းက ဆန်ကာပေါက်ဖြစ်နေပြီ။ ကျောက်ကပ်က တစ်ခြမ်း မရှိတော့ဘူး။ အူမကြီးက ရောင်နေတယ်။ သရက်ရွက်က မကောင်းတော့ဘူး။ အစာအိမ်မှာလည်း အနာပေါက်နေတယ်။ လေပြွန်က ပျက်ဆီးစပြုလာပြီ။ အဆုတ်က အားနည်းနေတယ်။ အူကလည်း ပါးနေပြီတဲ့။ ဆရာဝန်တောင် ငါ့ရောဂါတွေရွတ်ပြရင်းနဲ့ မောသွားလို့ ရေသွားသောက်မယ်လုပ်တော့ ငါက အရင်သောက်ထားလို့ သူ မသောက်ရဲတော့ဘဲ ကိုယ့်တံတွေးကိုယ် မျိုချလိုက်တော့တယ်။

အဲဒီ တော့ . . . ငါ လူ့လောကကြီးမှာ နေဖို့ ရက်သိပ်မကျန်တော့ဘူး။ မင်း ငါနဲ့ အမိုက်ခံပြီး ဆက်တွဲမယ်ဆိုရင်တော့ ရေဝေးကို အပြီးလိုက်ခဲ့ရလိမ့်မယ်။ မင်းသိထားဖို့က အခုနောက်ဆုံး ပေါ်နေတဲ့ ဝက်တုပ်ကွေးရောဂါဆိုတာ လေထဲကနေတစ်ဆင့် ကူးတတ်တယ်ဆိုပဲ။ အခု ငါ့မှာ အဲဒီ ရောဂါပါ ရှိနေပြီ။ ဒါပါပဲ။

အပျိုမရှောင်တဲ့ . . . ကိုအောင်

စာကိုဖတ်ပြီး ဆူး ခွက်ထိုးခွက်လန် ရယ်နေသည်။

"ဟား . . . ဟား . . . ဟား . . . ဒီကောင်ရေးတဲ့စာက မင်းကောင်မလေးတင်မကဘူး ငါတောင် အနားမကပ်ချင်တော့ဘူး၊ ဒါနဲ့ နေပါဦး . . . ဖြူဖြူက အနားမကပ်ချင်ဘူးလည်း ပြောသေး၊ စာကို မင်းလက်ထဲလည်း ပြန်ရောက်အောင် ထည့်ပေးသေးတယ်၊ ဟုတ်လား"

ထိုအခါ ကိုအောင်က မျက်နှာမဲ့သွားပြီး

"ဘယ်ထည့်ပေးမလဲကွ၊ အဲဒီ စာကို မုန့်ဈေးတန်းအဝင်ဝမှာ ကပ်ထားလို့ အကုန်ဖတ်ပြီး သွားပြီ၊ ငါ ရှက်လိုက်တာကွာ၊ ရှက်ရှက်နဲ့ အဲဒီ စာကို ဆွဲဖြုတ်ပြီး ယူလာတာ"

ထိုအခါ ဆူးကလည်း နေရဲ သူ့ကိုချောက်တွန်းပုံများကို ပြောပြလိုက်လေသည်။

"အေး . . . ဒီကောင် ပြန်လာရင်တော့ တွေ့ကြပြီပေါ့ကွာ"

ကိုအောင်က ကြိမ်းဝါးလိုက်သည်။

ထိုအချိန်တွင်

"ဒေါင် . . . ဒေါင် . . . ဒေါင်"

မုန့်စားဆင်းပြီး ကျောင်းတက်ခေါင်းလောင်းထိုးသံ ထွက်လာသည်။

နေရဲ ပြန်မလာသေး။

ခဏအကြာ ဆရာမ ဝင်လာသည်။ ထို့နောက် စာသင်နေသည်။ ဒီအချိန်ထိ နေရဲ အခန်းထဲ ဝင်မလာသေး။

ဆူးနှင့် ကိုအောင် အခန်းအပြင်ကို လှမ်းလှမ်းကြည့်ရင်း နေရဲကို မျှော်နေသည်။

ထိုအချိန်တွင် ကျောင်းသားတစ်ယောက် စာသင်ခန်းထဲ ဝင်လာသည်။

"ဆရာမ . . . နေရဲက မုန့်ဈေးတန်းမှာ အုန်းနို့ခေါက်ဆွဲတွေစားတာ များသွားလို့ ခေါင်းတွေ မူးပြီး သွေးတိုးလာလို့ အိမ်ပြန်မယ်ပြောတယ် . . . အဲဒါ ဆရာမဆီ ခွင့်တိုင်ခိုင်းလိုက်လို့"

"ဟဲ့ . . . သူက ဘယ်သူ့ခွင့်ပြုချက်နဲ့ အိမ်ပြန်သွားတာလဲ၊

နေမကောင်းရင်လည်း အတန်းပိုင်ဆရာမကို ပြောပြီး ခွင့်ပြုချက်ရမှ ပြန်ရမယ်လေ"

"ဟုတ်ပါတယ် ဆရာမ၊ ဆရာမကို သူရှာလို့မတွေ့တာနဲ့ ကျောင်းအုပ်ဆရာကြီးဆီ ပြေးပြောပြီး ကျောင်းတက်ခေါင်းလောင်းမထိုးခင် ပြန်သွားတာပါ။ သူ့ကြည့်ရတာ တော်တော် မူးနေပုံရလို့ ကျောင်းအုပ်ဆရာကြီးလည်း ဆရာမကို ပြောလိုက်မယ်ဆိုပြီး အမြန်ပြန်လွှတ်လိုက်ပါ တယ်။ အခု ဆရာကြီးက ပြောခိုင်းလို့ ကျွန်တော်လာပြောတာပါ"

"သြော် . . .အေး၊ ဒါဆိုလည်း ပြီးရော၊ ရပြီ သား . . . ကျေးဇူးပဲနော်"

"ဟုတ်ကဲ့ပါ ဆရာမ၊ ဒါဆို သား ကိုယ့်အတန်းကိုယ် ပြန်လိုက်ပါဦးမယ်"

"အေး . . . အေး"

ထိုကျောင်းသား ပြန်သွားသောအခါ ဆရာမက စာဆက်သင်နေသည်။

ကိုအောင်က ဆူးကို တိုးတိုးလေး ကပ်ပြောလိုက်သည်။

"ဟော့ကောင် ဆူး၊ ဟိုကောင်တော့ ဉာဏ်များသွားပြီကွ၊ အုန်းနို့ခေါက်ဆွဲ မကြိုက်လို့ ဘယ်တုန်းကမှ မစားခဲ့တဲ့ကောင်က အုန်းနို့ခေါက်ဆွဲစားတာ များပြီး သွေးတိုးလာလို့တဲ့ . . . "

"အေး . . . ဒီကောင်က ဉာဏ်နီဉာဏ်နက်များသလို အမူအရာလည်း ကောင်းတယ်ကွ၊ ကျောင်းအုပ်ဆရာကြီးတောင် တကယ်ထင်ပြီး အိမ်ပြန်လွှတ်လိုက်တယ်၊ ဒါပေမယ့် မပူပါနဲ့ကွာ၊ ဒီနေ့တစ်ရက်ပဲ ဒီကောင်ရှောင်လို့ရမှာပေါ့၊ မနက်ဖြန်ဆိုရင် ထပ်တွေ့ဦးမှာပဲ"

"အေး . . . အဲဒီ ကျမှ တွေ့ကြပြီပေါ့ကွာ"

x x x